# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 22, 2019 | Volume 19, Number 15


**၂၂.၅.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၇၃/-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၅၅၀၀/ ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၃ ကျပ် |
| CBM Rate | = ၁၅၄၀.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၉.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၀.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၃.၀၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၇.၉၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ယွန်းထည်များ ဥရောပနှင့်အနောက်နိုင်ငံဈေးကွက်တွင် ထိုးဖောက်နိုင်ရန် ထုတ်ကုန်အသစ်များထုတ်လုပ်နေ



မြန်မာ့ယွန်းထည်များမှာ ပြည်တွင်းဝယ်လိုအားထက် ပြည်ပဝယ်လိုအား ပိုမိုများပြားနေသဖြင့် ဥရောပနှင့်အနောက်နိုင်ငံဈေးကွက်တွင် ထိုးဖောက်နိုင်မည့် ယွန်းထုတ်ကုန်အသစ်များကို ယခုနှစ်အတွင်း ထုတ်လုပ်နေကြောင်း Bagan House Lacquerware Workshop မှ Proprietor ဒေါ်မော်မော်အောင်ထံမှ သိရသည်။ ရိုးရာယွန်းထည်များကို မပျောက်ပျက်အောင် တစ်ဖက်ကထုတ်လုပ်နေသကဲ့သို့ တစ်ဖက်ကလည်း မြန်မာ့ယွန်းဈေးကွက်ကျယ်ပြန့်စေရန် ဥရောပနှင့် နိုင်ငံတကာဈေးကွက်ဝင်မည့် ယွန်းထည်များကို ဖန်တီးနေခြင်းဖြစ်သည်ဟုဆိုသည်။ ယွန်းထည်တွေကို ပြည်တွင်းကထက် ပြည်ပကဝယ်တာ ပိုများပါတယ်။ ယွန်းလုပ်ငန်းရှင် တော်တော်များများမှာ တချို့က ရိုးရာပဲလုပ်တဲ့လုပ်ငန်းရှင်တွေ တော်တော်များတယ်။ ကျွန်မကကျတော့ ဘာသွားမြင်လဲဆိုတော့ နိုင်ငံခြားတွေ လည်း သွားတဲ့အခါမှာ နေ့စဉ်သုံးပစ္စည်းအဖြစ် ထုတ်လုပ်နိုင်မယ်ဆိုရင် ပိုပြီးတော့ ဈေးကွက်ရနိုင်မယ်ဆိုပြီးလုပ်တာ။ ကျွန်မတို့ရဲ့ ယွန်းလုပ်ငန်းက ဘုရားတွေရဲ့ နံရံဆေးရေးပန်းချီကနေ ကျွန်မတို့ယွန်းကို ဆင်းသက်လာတာ။ ကျွန်မတို့ရိုးရာကို ပျောက်မှာ အရမ်းတော့စိုးရိမ်ရတယ်။ သို့သော်ငြားလည်း ကျွန်မတို့မှာ နည်းနည်းတော့ ကျွန်မတို့ မြန်မာလူမျိုးတွေ သုံးစွဲမှုမှာ added လုပ်ပေးချင်တယ်။ ကျွန်မဘယ်လိုသွားတွေ့လဲဆိုတော့ မြန်မာလူမျိုးက ယွန်းခွက် (မြင်း မြီးရွှေခွက်) တွေကို ရေခွက်အတိုင်း သောက်ကြတာပေါ့။ ပြင်သစ်ကနိုင်ငံခြားသားတွေ၊ ဂျာမနီကလူတွေ အလုံး ၃၀၀၊ ၅၀၀ မှာတယ်။ ဘာလုပ်ကြလဲဆိုတော့ ကျွန်မတို့က သောက်ရမယ်ဆိုတဲ့ ခွက်လေးဟာ သူတို့နိုင်ငံမှာ ညစာစားပွဲမှာ မီးမိုတ်လိုက်တယ်။ အဲဒီ ထောင့်လေးမှာ ရွှေခွက်၊ ငွေခွက်ထဲကိုရေထည့်ပြီး ဖယောင်းတိုင်ထွန်းပြီးတော့ Romantic လုပ်ကြတယ်။ သူတို့နိုင်ငံရောက်သွားတော့ Decorative item ဖြစ်သွားတယ်ဟု ၎င်းကပြောသည်။

ယခုနှစ်တွင် ယွန်းထည်ဒီဇိုင်းသစ်၊ ထုတ်ကုန်အသစ်များအဖြစ် ခုံညင်းဒိုးများအား ယွန်းထည်အဖြစ် ကနုတ်များရေးဆွဲခြင်း၊ ခုံညင်းဒိုးကို သစ်စေးသုတ် ရွှေပိန်းချကာ ပုတီးလုပ်ခြင်း၊ ခုနစ်နေ့ခုနစ်နံရေးဆွဲထားခြင်း၊ ပိတ်စ၊

သစ်စေးများကို ရွှေပိန်းချကာ ဆွမ်းအုပ်ပုံ၊ သစ်ရွက်ပုံ၊ ညောင်ရေအိုး၊ ညောင်ရွက်ပုံ ရွှေအစစ်ချရင်ထိုးများဖန်တီးခြင်း၊ ယွန်းထည်တွင် ကြက်ဥခွံကပ်၍ဖန်တီးခြင်းများ ပြုလုပ်ထားကြောင်းသိရသည်။ ထို့ပြင် ဥရောပဈေးကွက် အကြိုက်ဖြစ်သော အရောင်မှိန်မှိန်ယွန်းထည်များကိုလည်း ထုတ်လုပ်ထားကြောင်း၊ နိုင်ငံခြားသားဒီဇိုင်နာများဖြင့်လည်း ပူးပေါင်းထုတ်လုပ်နေကြောင်းသိရသည်။ ယွန်းထည်ကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် စိန်အစစ်ထည့်ပြီး နားကပ်၊ လက်စွပ်တွေဖန်တီးခဲ့ပါတယ်။ ဒါ့အပြင် ဒီနှစ်ထဲမှာ ရိုးရာတွေအပြင် မော်ဒန်ခေါ်မလား။ အစိမ်းရောင် ကားချပ်ကြီး(ယွန်းထည်) အဝေးက ကြည့်ရင်တော့ ဘာမှမမြင်ရဘူး။ အစိမ်းရောင် မှိန်မှိန်လေးတွေပါတယ်။ ယွန်းရောင်းလာတဲ့ သက်တမ်းတစ်ခုမှာ ဘာတွေ့လဲဆိုတော့ ကျွန်မတို့အာရှတိုက်ကလူတွေက ပြောင်လက်နေမှကြိုက်တယ်။ အနောက်နိုင်ငံကလူတွေက မှိန်မှကြိုက်တယ်။ မှိန်မှိန်လေးကို ဖန်ဆင်းလိုက်တော့ ဥရောပနဲ့အနောက်နိုင်ငံ ဈေးကွက်တွေမှာရလာတယ်။ ပြင်သစ်က ဒီဇိုင်နာနဲ့ပေါင်းပြီးဖန်တီးဖြစ်တဲ့ မြင်းကျားပုံလည်းဖန်တီးထားတယ်။ အဲဒါလည်းဈေးကွက်ရတယ်။ နောက်ကျောက်သင်ပုန်းကို ယွန်းနဲ့ ကွပ်လိုက်တယ်။ ဟိုတယ်တွေမှာလည်း Menu ရေးဖို့ အသုံးပြုလာကြတယ်။ Remote ထည့်ဖို့ ဝါးနဲ့ပြုလုပ်ထားတာတွေလည်းရှိပါတယ်ဟု Bagan House Lacquerware Workshop မှ Proprietor ဒေါ်မော်မော်အောင်က ဆက်လက်ပြောသည်။

ယွန်းထည်များ အသစ်ဖန်တီးထုတ်လုပ်နေခြင်းနှင့်ပတ်သက်၍ မေ ၁၉ရက်တွင် Bagan House ၌ စာနယ်ဇင်းရှင်းလင်းပွဲပြုလုပ်ခဲ့ပြီး ယင်းရှင်းလင်းပွဲတွင် အသစ်ထွင်ထားသော ဝါးဖြင့်ပြုလုပ်ထားသော အမျိုးသား၊ အမျိုးသမီးအရုပ်များ အပါအဝင် အာရှဈေးကွက်ဝင်၊ ဥရောပဈေးကွက်ဝင် ယွန်းထည်အသစ်များအား မိတ်ဆက်ပြသခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ယွန်းလုပ်ငန်းအား Decorative items အဖြစ် ပြည်ပနိုင်ငံများတွင် မိတ်ဆက်ပေးနိုင်ပါက နိုင်ငံခြားဝင်ငွေတိုးလာမည့်အကျိုးများ ရရှိလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/14141

## ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကုမ္ပဏီ ၉၃ ခု ပျက်ကွက်ဆဲဖြစ်ရာ ဇွန် ၅ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းရန် သတိပေးထားပြီး ပျက်ကွက်ပါက မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းနှင့် ဥပဒေအရအရေးယူမည်



ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကုမ္ပဏီ ၉၃ ခု ပျက်ကွက်ဆဲဖြစ်ရာ ၂၀၁၉ ခုနှစ် ဇွန် ၅ ရက်နောက်ဆုံးထား၍ ပြန်လည်ပေးသွင်းရန် သတိပေးထားပြီး ပျက်ကွက်ပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းနှင့် တရားဥပဒေအရအရေးယူမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနက အသိပေးကြေညာသည်။ ၂၀၁၂ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေနှင့် ၂၀၁၅ ခုနှစ် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့်ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရဟု ပြဋ္ဌာန်းထားသည်။

ယင်းဥပဒေပြဋ္ဌာန်းချက်အရ ပြည်ပသို့ပို့ကုန်တင်ပို့သည့်ကုမ္ပဏီများအနေဖြင့် ပို့ကုန်ရငွေအားလုံးကို ပို့ကုန်များသင်္ဘောတင်သည့်ရက်မှ ခြောက်လအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းအသီးသီး သို့ နိုင်ငံခြားသုံးငွေဖြင့်ထည့်သွင်းရန်တာဝန်ရှိကြောင်းသိရသည်။ နိုင်ငံတော်ဗဟိုဘဏ်မှ အကြောင်းကြားလာမှုအရ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေဝင်ရောက်ရန် ကျန်ရှိသော ကုမ္ပဏီများအနေဖြင့် ရက်ပေါင်း ၆၀ အတွင်း မိမိတို့ဘဏ်စာရင်းသို့ ပို့ကုန်ရငွေများထည့်သွင်းသွားကြရန် ၂၀၁၉ ခုနှစ် မတ် ၂၀ ရက်တွင် အသိပေးကြေညာခဲ့ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ယနေ့အထိ ပို့ကုန်ရငွေအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာဘဏ် စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ပျက်ကွက်သော ပို့ကုန်တင်ပို့သည့် ကုမ္ပဏီ

၁၁၀ ခုကို စိစစ်တွေ့ရှိရကြောင်း မတ်လ ၁၉ ရက်က ဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ယနေ့အထိ ပို့ကုန်ရငွေအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုလည်းကောင်း မိမိတို့၏သက်ဆိုင်ရာ ဘဏ်စာရင်းတွင် ပြန်လည်ထည့်သွင်းရန် ကုမ္ပဏီ ၉၃ ခု ပျက်ကွက်လျက်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရသည်ဟု အသိပေး ကြေညာထားသည်။ သို့ဖြစ်ပါ၍ အဆိုပါကုမ္ပဏီများအနေဖြင့် ယခုကြေညာသည့်ရက်မှ ၂၀၁၉ ခုနှစ် ဇွန် ၅ ရက်အထိ ပို့ကုန် ဝင်ငွေအားလုံးကို မိမိတို့ဘဏ်စာရင်းအသီးသီးတွင် နိုင်ငံခြားငွေဖြင့် ထည့်သွင်းရန် နှိုးဆော်ထားသည်။ ယင်းကာလအတွင်း ထည့်သွင်းရန်ပျက်ကွက်သည့် ကုမ္ပဏီများကို စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးထားသော ပို့ကုန်သွင်းကုန်မှတ်ပုံတင်လက်မှတ်ပိတ်သိမ်းခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း နောက်ဆုံး အကြိမ်အဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနကအသိပေးကြေညာသည်။ ပျက်ကွက်သည့် ကုမ္ပဏီအမည်စာရင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/109968

## ဆန်စပါးဈေးကွက် ဝယ်လိုအား ရောင်းလိုအား ခိုင်မာဖို့လိုအပ်



သည့်နှစ် နွေစပါးပေါ်ချိန် ဝယ်လိုအားလျော့နည်းပြီး ဈေးတွေ ကျဆင်း နေချိန်မှာ သက်ဆိုင်ရာကဏ္ဍတွေရဲ့ လိုအပ်ချက်တွေ အပြန်အလှန် ထောက်ပြလာကြပြီး အဓိကကတော့ ခိုင်မာတဲ့ ဝယ်လိုအား ရောင်းလိုအား အဖြစ် တည်ဆောက်နိုင်ကြဖို့ဖြစ်တယ်လို့ ဆန်စပါးကဏ္ဍနဲ့ သက်ဆိုင်သူ အချို့ကသုံးသပ်ကြပါတယ်။ ဆန်စပါးကဏ္ဍ တိုးတက်ဖို့ တောင်သူ၊ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းအားလုံး ပူးပေါင်းလုပ်ဆောင်မှ တိုးတက်လာ မှာဖြစ်ပါတယ်။ သည့်နှစ် နွေစပါးပေါ်ချိန်မှာတော့ စပါးဈေးနှုန်း ကျဆင်းမှု ဟာ တရုတ်ရဲ့ မြန်မာ့ဆန်ဝယ်လို အားကျဆင်းနေမှုက အဓိက အကြောင်း ရင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ကတော့ လက်ရှိနွေစပါးဈေး ကျဆင်းနေခြင်းကိစ္စနဲ့ပတ်သက်ပြီး လုပ်သင့်တဲ့ ကိစ္စတွေကို လုပ်ဆောင်လျက်ရှိတယ်လို့ မေလ ၁၈ ရက်နေ့က ကြေညာချက်ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ ကွင်းဆင်း ဝယ်ယူခြင်းတွေ ဆောင်ရွက်ရာမှာ သိုလှောင်ရုံအခက်အခဲ၊ အစိုဓာတ်ရှိတဲ့ စပါးတွေ အခြောက်ခံဖို့အခက်အခဲ၊ သယ်ပို့ယာဉ် အခက်အခဲတွေရှိပြီး လုပ်ငန်းတွင်ကျယ်မှု အားနည်းနေတယ်လို့လည်း ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။ ဝယ်ယူတဲ့ စပါးတွေကလည်း အရည်အသွေးမျိုးစုံ၊ အခြေအနေမျိုးစုံ၊ အမျိုးအစားမျိုးစုံဖြစ်နေပြီး ဝယ်ယူတဲ့စပါးတွေ လေလွင့်ပျက်စီး ဆုံးရှုံးမှုမဖြစ်စေရေးအတွက် လုပ်ဆောင် ရာမှာလည်း အခက်အခဲများစွာနဲ့ ကြုံတွေ့နေရတယ်လို့ သိရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးပြတ်တောက်မှု တွေကြောင့် ဆန်စက်လုပ်ငန်းတွေအနေနဲ့ စက်ပုံမှန်မလည်ပတ်နိုင်တဲ့အခြေအနေကလည်း လက်ရှိ ဆန်စပါးဈေးကွက်အပေါ် ကြီးမားစွာသက်ရောက်မှု ရှိနေတယ်လို့ အသင်းချုပ်ရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထား ပါတယ်။

အစိုးရရဲ့ကဏ္ဍအခုလို နွေစပါးဈေးတွေ ကျဆင်းနေချိန်မှာ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ကတော့ လက်ရှိဆန်စပါးဈေးကွက်အခြေအနေ တည်ငြိမ်စေရေးနဲ့ တောင်သူတွေမျှော်လင့်တဲ့ ဈေးနှုန်းတွေရရှိဖို့ အစိုးရရဲ့ မူဝါဒ ပိုင်းဆိုင်ရာဝင်ရောက်ကူညီပေးမှုနဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရပဲဖြစ်ဖြစ်၊ တောင်သူလယ်သမားတွေအတွက် ထားရှိတဲ့သဘောထားဆန္ဒ၊ politicalwill အရပဲဖြစ်ဖြစ် ငွေကြေးဆိုင်ရာအကူအညီ၊ ဈေးကွက်တိုးမြှင့်ရှာဖွေပေးခြင်းဆိုင်ရာ အကူအညီတွေကို နိုင်ငံတော်အစိုးရအပိုင်းက ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုအပ်နေတယ်လို့ ထုတ်ပြန်ထားပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အထွေထွေ အတွင်းရေးမှူးဦးချမ်းသာဦးက အဓိကကတော့ အစိုးရက ထဲထဲဝင်ဝင် ဝင်မလုပ်ဘူးဖြစ်နေတာပေါ့ ပြောရရင်လေ၊ MRF ဆိုတာက ပြောရရင် အင်န်ဂျီအိုအသင်းပဲလေ၊ အင်န်ဂျီအိုအသင်းပဲဖြစ်တဲ့အတွက်ကို တတ်နိုင်သလောက်ပဲ ဝယ်နိုင်မှာပေါ့လို့ပြောပါတယ်။

ဒါ့အပြင် အစိုးရကနေဝင်ပါမှရမယ့် ဈေးကွက်ရှာဖွေရေးအပိုင်းတွေ၊ အထူးသဖြင့် မြန်မာ့ဆန်ရဲ့အဓိက ဝယ်လက်ဖြစ်တဲ့

တရုတ်နဲ့G to G ညှိနှိုင်းရေးကိစ္စတွေမှာ B to B ဝင်လုပ်လို့မရတဲ့အပိုင်းတွေရှိတဲ့အတွက် အစိုးရကပဲ ပိုမိုမြန်ဆန်အောင် လုပ်ဆောင်ပေးဖို့ သည်အပိုင်းတွေမှာ အစိုးရကအားနည်းနေတယ်လို့ သိရပါတယ်။ ဥပဒေပိုင်းဆိုရင်လည်း တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေရှိနေပြီး သည်လိုအချိန်မှာ သည်ဥပဒေကို အသုံးချရမှာဖြစ်ပေမဲ့လည်း ထိရောက်တဲ့ ဆောင်ရွက်ချက်တွေ မတွေ့ရသေးဘူးလို့ ဦးချမ်းသာဦးက မှတ်ချက်ပြုပြောဆိုပါတယ်။ ဦးချမ်းသာဦးက လယ်ဆည်ဝန်ကြီးလဲ ပြောသွားတယ်၊ သူတို့ငါးသိန်းဈေး မရောင်းရရင် နိုင်ငံတော်အစိုးရရဲ့ ရန်ပုံငွေထဲကနေပြီးတော့ အရန်ဆန်ဝယ်ပေးမယ်ဆိုတာတွေက ထိထိရောက်ရောက်မှ မလုပ်နိုင်တာလို့ ပြောပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်းကတော့ အစိုးရအနေနဲ့ ဈေးနှုန်းပိုင်း ထိန်းညှိပေးဖို့ရှိပေမဲ့ မဖြစ်မနေလုပ်ရတော့မယ့် အပိုင်းကျတော့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာ ထုတ်လုပ်မှုစရိတ်ထက် ဈေးနှုန်းက လျော့သွားပြီဆိုမှ အစိုးရကပါဝင်လို့ရမှာလို့ ဆိုပါတယ်။

ဦးမျိုးတင့်ထွန်းက အခုလေးသိန်းကျော် (စပါးတင်း ၁၀၀ ဈေး) ရှိတယ်ဆိုတာ လယ်သမားမရှုံးသေးဘူး၊ တစ်ဧကရဲ့ ထုတ်လုပ်မှုစရိတ် အထက်မှာပါရှိသေးတယ်၊ ဒီလေးသိန်းကျော်က ပြောရရင် တောင်သူတွေမြတ်နေသေးတယ်၊ တောင်သူတွေ အကျိုးအမြတ်ရှိနေသေးတယ်ပေါ့၊ ဒါပေမဲ့ အကျိုးအမြတ်နည်းတာများတာတော့ ရှိတာပေါ့လို့ ပြောပါတယ်။ နေပြည်တော်မှ စပါးစိုက်တောင်သူ ဦးကိုကိုနိုင်ကတော့ စပါးတစ်ဧကအတွက် ကုန်ကျစရိတ်ဟာ ကျပ်သုံးသိန်း ပတ်ဝန်းကျင်ရှိပြီး တစ်ဧကကို စပါးတင်း ၁၀၀ ထွက်ဖို့ဆိုတာ လွယ်ကူတဲ့ကိစ္စတော့ မဟုတ်ဘူးလို့ ဆိုထားပါတယ်။ အထူးသဖြင့် နွေစပါးမှာ အများဆုံးစိုက်ပျိုးကြတဲ့ ရက် ၉၀ စပါးဟာ တစ်ဧကကို တင်း ၇၀ ပတ်ဝန်းကျင်နဲ့ တင်း ၈၀ ကြားမှာထွက်ပြီး မနောသုခစပါးမျိုးတွေက တစ်ဧကကို တင်း ၁၁၀ ပတ်ဝန်းကျင်ထွက်ရှိတယ်လို့ သိရပါတယ်။ ဦးကိုကိုနိုင်က "ဘယ်လိုပဲ ပြောပြော တောင်သူတွေ စပါးတစ်တင်း ငါးသိန်းခွဲလောက်ဖြစ်မှ ခံသာတာ"လို့ ပြောပါတယ်။

သည်နှစ်အတွက် နွေစပါးစိုက်ဧကဟာ ဧပြီလကုန် အထိ ၂.၄ သန်း ကျော်ရှိကာ အခုမှ တိုင်းသုံးတိုင်း ဖြစ်တဲ့ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှာသာ နွေစပါးထွက်ရှိပါသေးတယ်။ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနဲ့ မကွေးတိုင်းဒေသအချို့မှာ နွေစပါးတွေထွက်ရှိဖို့ ကျန်ရှိနေပါတယ်။ သည့်အတွက် အခုလက်ရှိဖြစ်နေတဲ့နွေ စပါးတစ်တင်း ကျပ် ၄၂၀၀ နှုန်းဟာ ထပ်ကျမယ့် အနေအထားမှာ ရှိနေတယ်လို့လည်း တောင်သူအချို့က ခန့်မှန်းထားကြပါတယ်။ နေပြည်တော်မှာဆိုရင် နွေစပါးအနည်းငယ် ရိတ်သိမ်းနေကြပြီဖြစ်ပေမဲ့ တောင်သူတွေထံ ဝယ်သူတစ်ယောက်မှ အမေးလာတာမရှိသေးဘူး လို့လည်း ဦးကိုကိုနိုင်ကဆိုပါတယ်။ ဒါ့အပြင် တောင်သူတွေအနေနဲ့ စပါးတွေရောင်းချရာမှာ တစ်တင်းကို ပုံမှန်အားဖြင့် ၄၆ ပေါင်သာရှိရပေမဲ့ ဝယ်လက်တွေရဲ့ စိတ်ကြိုက်လိုက်နေရတဲ့အတွက် တစ်တင်းကိုပေါင် ၅၀ ကျော်အထိ ရောင်းချပေးနေရတဲ့ကိစ္စကလည်း အခုအချိန်အထိ အစိုးရရော ဆန်စပါးအသင်းချုပ်ပါ မဖြေရှင်းပေးနိုင်သေးတဲ့ ကိစ္စဖြစ်ပါတယ်။

ဦးကိုကိုနိုင်က အခုမရိတ်ရသေးတဲ့သူတွေကတောင် ပြောတယ်၊ စပါးပေါ်လာရင်ဘယ်သူ့ကို ရောင်းရမယ် မသိဘူးဖြစ်နေတာတဲ့၊ လာမေးတဲ့သူကို မရှိဘူးဆိုပဲ၊ စပါးက ရင့်မှည့်ပြီးတော့ မရိတ်လို့မရလို့သာ ရိတ်ကြရနော်၊ သူတို့လဲတွေးပြီးတော့ ကြောက်နေကြတာလို့ ပြောပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးလှကျော်ကတော့ အခြေခံစပါးဈေးနှုန်းကို လိုအပ်တဲ့အချိန်မှာ ပြောင်း လဲ သတ်မှတ်ဖို့ စောင့်ကြည့်ထိန်းကျောင်းလျက်ရှိတယ်လို့ ဧပြီလ ၂၉ ရက်နေ့ကကျင်းပတဲ့ ပြည် သူ့လွှတ်တော် အစည်းအဝေးမှာ ပြောကြားထားပါတယ်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေနဲ့ကတော့ ပြီးခဲ့တဲ့နှစ် မတ်လက စပါးအခြေခံဈေးနှုန်းကို တစ်တင်းလျှင် ကျပ် ၅၀၀၀ နှုန်းနဲ့သတ်မှတ်ခဲ့ပြီး သည်နှစ်နွေစပါးမှာလည်း အသစ် မထုတ်ပြန်ခင်အထိ သတ်မှတ်ထားတဲ့နှုန်းအတိုင်း ဝယ်ယူကြဖို့ ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် လွှတ်တော်တွင်း မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း တင်သွင်းခဲ့တဲ့ ဈေးကွက်ခိုင်မာမှုရှိတဲ့ သီးနှံတွေရဲ့စာရင်းကို ပြည်သူတွေ သိရှိအောင် ချပြအသိပေးမှုအပါအဝင် သီးနှံဈေးကွက်တွေနဲ့ ပတ်သက်ပြီး အစီအစဉ်တွေ ချမှတ်ဆောင်ရွက်သွားရေး အဆိုကို လွှတ်တော်ကနေ လက်ခံဆွေးနွေးဖို့လည်း သဘောတူထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးချမ်းသာဦးကတော့ အစိုးရက မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန်နဲ့ ထဲထဲဝင်ဝင်တကယ် လက်တွေ့ကျကျ အပြောနဲ့တင်မဟုတ်ဘဲနဲ့ လက်တွေ့ကျကျ ဝင်ပါပြီးတော့ လုပ်ကိုင်ဆောင်ရွက်မှပဲ အဆင်ပြေတော့မယ်လို့ သုံးသပ်ပါတယ်လို့ပြောပါတယ်။ ပြည်တွင်း ဆန် စပါးဈေးကွက် ကောင်းမွန်ဖို့ဆိုတာ ပြည်ပဝယ်လိုအားအပေါ်မှာ အဓိကမူတည်နေပါတယ်။ တောင်သူအချို့ကတော့ တရုတ်ကို

စပါးအတိုင်း မှောင်ခိုတင်ပို့မှုတွေရှိတုန်းကလည်း စပါးဈေးကောင်းတယ်လို့ ပြောဆိုကြပါတယ်။ ဒါ့အပြင် အစိုးရအပါအဝင် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့က တောင်သူတွေရဲ့ အခက်အခဲကို မဖြေရှင်းပေးနိုင်သေးရင် ပြည်ပသို့ စပါးအတိုင်းတင်ပို့မှုကို ပိတ်ပင်တားဆီးဖို့မသင့်ဘူးလို့လည်း တောင်သူ အချို့က ညည်းညူပြောဆိုကြတာတွေ့ရပါတယ်။ ဦးကိုကိုနိုင်က အဆင်ပြေနေတုန်းက အကုန်လုံး မှိန်းခံနေကြတာပဲပြောရရင်၊ အခုမှ ဘယ်သူ့အပြစ်လို့ ပြောလို့မရဘူး၊ ရောင်းကောင်းနေခဲ့တုန်းကတည်းက ဥပဒေတွေပြင်ဖို့ ၊ ကွာလတီတွေပြင်ဖို့၊ သူတို့ရောင်းတဲ့နိုင်ငံတွေကနေ တရားဝင်ဖြစ်ဖို့ အထူးသဖြင့် တရုတ်ပေ့ါ၊ ဒါတွေကို စောစောစီးစီး ဘယ်သူမှမလုပ်ခဲ့ကြဘူး၊ အဲဒါကြောင့် အခုအချိန်မှာ ရောင်းဝယ်ဖောက်ကားမှုတွေက မခိုင်မာတာလို့ ဆိုပါတယ်။ လက်ရှိမှာတော့ ပြည်ပကို ဆန်စပါးတင်ပို့မှုဟာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလကနေ လက်ရှိအချိန်အထိ ခုနစ်လကျော်မှာ ဆန်၊ ဆန်ကွဲတန်ချိန် ၁.၃ သန်းကျော် တင်ပို့ထားပြီး အမေရိကန်ဒေါ်လာသန်း ၄၀၀ ကျော် ရရှိထားပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကတော့ အခုလိုအချိန်မှာ တန်ချိန် နှစ်သန်းကျော်လောက် တင်ပို့ထားပြီးဖြစ်တဲ့အတွက် ကာလတူနဲ့နှိုင်းယှဉ်ရင်တော့ သည်နှစ်က တန်ချိန် ရော၊ ရရှိတဲ့ပမာဏပါ လျော့နည်းနေပါတယ်။ လက်ရှိအချိန်အထိလည်း ပင်လယ်ရေကြောင်းရော နယ်စပ်ပါ ဆန်တင်ပို့မှုကအေးစက်နေဆဲဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ဘဏ္ဍာနှစ်ကတော့ မြန်မာနိုင်ငံအနေနဲ့ ပြည်ပ ကို ဆန်၊ ဆန်ကွဲတန်ချိန် ၃.၅ သန်း ကျော်ထိ စံချိန်တင်ပို့နိုင်ခဲ့ပါတယ်။

**Source:** https://www.kumudranews.com/news-33533

## မြန်မာပြည် အလယ်ပိုင်းဒေသထွက် သရက်သီးများ တရုတ်ဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချမှုဈေးကောင်းရနေပြီး ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အတွင်းသို့ သရက်သီးတင် ယာဉ်စီးရေ ၁၀၀ ကျော် နေ့စဉ်ပုံမှန်ဝင်ရောက်



မြန်မာပြည်အလယ်ပိုင်းဒေသထွက် သရက်သီးများ တရုတ်ဈေးကွက်အတွင်းသို့ တင်ပို့မှုမှာဈေးကောင်းရနေပြီး နယ်စပ်ကုန်စည်ဈေးကွက်တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် တစ်ရက်လျှင် သရက်သီးတင်ယာဉ်စီးရေ ၁၀၀ ကျော် နေ့စဉ်ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း သိရသည်။

အခုအချိန်မှာတော့ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သစ်သီးဝလံကုန်စည်ဈေးကွက်အတွင်းကို ဖရဲ၊ သရက်၊ ကန်စွန်းဥ တင်ယာဉ်တွေ ဝင်ရောက်မှုရှိပါတယ်။ ဖရဲနဲ့ကန်စွန်းကတော့ တစ်စီး၊ နှစ်စီးလောက်ပဲ ဝင်တော့တာပါ။ အဓိကကတော့ သရက်သီး အဝင်များတယ်။ သရက်သီးကားက တစ်ရက်ကို အစီးရေ ၁၀၀ ကျော် ပုံမှန်ဝင်တယ်။ အများဆုံးကတော့ အစီးရေ ၂၀၀ လောက်ထိ ဝင်ရောက်မှုရှိပါတယ်။ အခု သရက်သီးတွေထဲမှာ မြန်မာပြည်အလယ်ပိုင်းဒေသ ကျောက်ဆည်၊ မန္တလေးဘက်က သရက်သီးတွေ အများဆုံး ဝင်ရောက်ပါတယ်ဟု မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန် အရှေ့မြောက် တံခါးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဦးကျော်ကျော်လှိုင်က ပြောကြားသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ရှိ သရက်သီးဈေးကွက် အတွင်းသို့ စိန်တစ်လုံး သရက်သီးဝင်ရောက်မှု နည်းသွားပြီး ရွှေဟင်္သာ၊ မယ်သီ၊ ရင်ကွဲသရက်မျိုးများ ပိုမိုဝင်ရောက်လာကာ ဇူလိုင်လခန့်မှသာ ရှမ်းပြည်နယ် တောင်ပိုင်းဒေသထွက် စိန်တစ်လုံး သရက်မျိုးများ ပြန်လည်ဝင်ရောက်မည် ဖြစ်ကြောင်းသိရသည်။ ဒီတစ်နှစ်က သရက်သီးဈေးကောင်းတယ်လို့ပြောရမယ်။ အခု စိန်တစ်လုံးကို အကုန်ခူးလို့ကုန်တော့မယ်။ သရက်သီးဈေးကောင်းပေမယ့် အရင်နှစ်တွေကလောက်တော့ အသီးမများဘူး။ အခုတော့ ရင်ကွဲတွေ၊ ဟင်္သာတွေခူးနေပြီဟု မန္တလေးတိုင်းဒေသကြီး၊ ကင်းပက်ကျေးရွာနေ သရက်စိုက်ပျိုးသူ မနွယ်က ပြောကြားသည်။ နယ်စပ်ကုန်စည် သစ်သီးဈေးကွက်တွေထဲမှာတော့ လက်ရှိအချိန်မှာ သရက်သီး ပဲ အဝင်များနေတယ်။ ဈေးနှုန်းက အရင်နှစ် တွေကထက်စာရင် မဆိုးဘူး။ ဈေးကောင်း တယ်။ ၁၃ ဒသမ ၅ ကီလိုဂရမ်ခြင်းတစ်ခြင်း ရှိတဲ့ စိန်တစ်လုံးသရက် အိတ်စွပ် အနိမ့်ဈေး ၇၀ ယွမ်ကနေ အမြင့်ဈေး ၁၂၀ ယွမ်၊ စိန်တစ် လုံးသရက် အိတ်လွတ်အနိမ့်ဈေး ၄၅ ယွမ်က နေ ၆၅ ယွမ်၊ မယ်သီသရက် အိတ်စွပ်အနိမ့် ဈေး ၈၀ ယွမ်ကနေ အမြင့်ဈေး ၁၀၀ ယွမ်၊ ရွှေဟင်္သာသရက် အိတ်စွပ်အနိမ့်ဈေး ၇၀ ယွမ်ကနေ အမြင့်ဈေး ၁၅၀ ယွမ်၊ ရွှေဟင်္သာသရက်အိတ်လွတ် အနိမ့်ဈေး ၄၅ ယွမ်ကနေ အမြင့်ဈေး ၆၀ ယွမ်၊ ရင်ကွဲသီးသရက်အိတ် စွပ် အနိမ့်ဈေး ၅၀ ယွမ်ကနေ ၇၀ ယွမ်ထိ၊ ရင်ကွဲသီးသရက် အိတ်လွတ်အနိမ့်ဈေး ၂၅ ယွမ်ကနေ ၃၀ ယွမ်ထိဈေး ရှိနေပါတယ်ဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ ဒေါ်ရီရီခိုင်ကပြောကြားသည်။

မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေး ဇုန်ရှိ သစ်သီးကုန်စည်ဈေးကွက် အတွင်းသို့ မေ ၂၀ ရက်တွင် သရက်သီး ၁၃၄ စီး၊ ဖရဲ တစ်စီး၊ ကန်စွန်းတစ်စီး ဝင်ရောက်ခဲ့ပြီး မေလ ၁ ရက်မှ ၁၉ ရက်ထိ သရက်သီးကား စီးရေ ၂၂၅၉ စီးမှ သရက်သီးတန်ချိန် ၁၃၄၅၁ ဒသမ ၅ တန်၊ ဖရဲသီးကားစီးရေ ၈၅၁ စီးမှ ဖရဲသီးတန်ချိန် ၁၀၀၉၂ ဒသမ ၅ တန်၊ သခွားမွှေး ကားစီးရေ လေးစီးမှ သခွားမွှေးတန်ချိန် ၄၃ တန် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/109943

## ဘဏ္ဍာနှစ်(၇)လအတွင်း မူဆယ် နယ်စပ်မှ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာသန်း(၇၀၀)နီးပါးလျော့ကျနေ



ဘဏ္ဍာနှစ်အစမှ ယခုလနောက်ဆုံးပတ်အထိ တရုတ်-မြန်မာ နယ်စပ် မူဆယ်ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှု စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း(၃၁၀၀)ကျော်သာရှိခဲ့ပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း (၇၀၀) နီးပါးလျော့နည်းနေခဲ့သည်ဟု ကုန်သွယ်ရေးဦးစီးဌာနမှသိရသည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပမာဏ လျော့ကျခဲ့ရခြင်းမှာ ပြည်တွင်းပို့ကုန်အပိုင်းတွင် ကာလတူထက်သိသာစွာ လျော့နည်းသွားခြင်း ကြောင့်ဖြစ်သည်။

အဓိကက ဆန်ပေါ့ဆန်တင်ပို့မှုအပိုင်းက အတော်လေးကျသွားတယ်။ အဲဒါက ကုန်သွယ်မှု လျော့နည်းစေတဲ့အချက်ပေ့ါ။ ဟိုဖက်နိုင်ငံအနေနဲ့ကလည်း တရားမဝင်ကုန်သွယ်မှုတွေကို ဆက်တိုက် ဖမ်းဆီးနေတာမျိုးဖြစ်တာကြောင့် အခုလိုလျော့သွားတာပါဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန်ဦးခင်မောင်လွင်ကဆိုသည်။

မူဆယ်ကုန်သွယ်ရေးဇုန်မှာ နယ်စပ်ကုန်သွယ်မှုအားလုံး၏ ထက်ဝက်ခန့်ကုန်သွယ်မှုပြုနေသည့် နေရာဖြစ်ပြီး ယခုဘဏ္ဍာနှစ်အတွင်း ကုန်သွယ်မှုပမာဏ ဆိုးရွားစွာကျဆင်းနေခြင်းလည်း ဖြစ်သည်။ ယခုအခါ ယူနန်ပြည်နယ် အစိုးရနှင့် နှစ်နိုင်ငံကုန်စည်ချင်းဖလှယ်သည့်စနစ်ကို စတင်ကျင့်သုံးရန်စီစဉ်နေပြီး MOU လက်မှတ်ရေးထိုးပြီးပါက ပြည်တွင်းမှ ဆန်အပါအဝင် လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်မည်ဖြစ်ကာ တရုတ်နိုင်ငံမှ စက်ကိရိယာနှင့်လူသုံးကုန်ပစ္စည်းများကို တန်ဖိုးတူအတိုင်း ပြန်လည်တင်သွင်းသွားမည်ဖြစ်သည်။

မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုလျော့နည်းရာတွင် အဓိကတင်ပို့နေသည့် လယ်ယာထွက်ကုန်များ တင်ပို့မှုကျဆင်းနေသော်လည်း တရုတ်နိုင်ငံမှတင်သွင်းနေသည့်ပမာဏမှာ ကာလတူထက် အနည်းငယ်ပိုများနေသည့် အခြေအနေတွင်ရှိနေသည်။

**Source:** Popular News Journal

## မြန်မာ-တရုတ် ကုန်သည်ကြီးများ အသင်း(Myanmar-China Business Association-MCBA) ဖွင့်လှစ်

မြန်မာ-တရုတ် ကုန်သည်ကြီးများ အသင်း (Myanmar-China Business Association-MCBA) ဖွင့်ပွဲ အခမ်းအနား ကို မေလ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး အိမ်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးဟုန်လျန်က မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်းထူထောင်ခြင်း က နှစ်နိုင်ငံအစိုးရနှင့် စက်မှုလက်မှုကဏ္ဍ၏ ဘုံရည်မှန်းချက်နှင့် မျှော်လင့်ချက်ဖြစ်ကြောင်း ၊ MCBA အား စွမ်းဆောင်ရည် အားကောင်းအောင်ဆောင်ရွက်ပြီး လုပ်ငန်းအစီအစဉ်များ ရေးဆွဲကာ ထိရောက်သည့်ရလာဒ်ကောင်းများ မြန်ဆန်စွာ ဖော်ဆောင်နိုင်ရန်မျှော်လင့်ကြောင်း ၊ MCBA က နှစ်နိုင်ငံအစိုးရနှင့် စက်မှုလက်မှုကဏ္ဍ၏ အရေးပါသည့် ပေါင်းကူး တံတား ဖြစ်လာစေရန်လည်း မျှော်လင့်ကြောင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဒေါက်တာသန်းမြင့်ကိုယ်စား ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက MCBA က မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ရန် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားခဲ့သည်။ UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက MCBA ပိုမိုကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် UMFCCI မှ အစွမ်းကုန် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

CECCM ဥက္ကဋ္ဌ လျိုယင် (Liu Ying) က MCBA အနေဖြင့် နှစ်နိုင်ငံ စီးပွားရေး ဖလှယ်မှု ဆိုင်ရာ အရေးပါသည့်

ပေါင်းကူးတံတား အဖြစ်သို့ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မြန်မာ-တရုတ် ကုန်သည်ကြီးများ အသင်း (MCBA) အား UMFCCI မှ ကိုယ်စားလှယ် (၄) ဦး ၊ ကဏ္ဍပေါင်းစုံ ကိုယ်စားပြု လုပ်ငန်းရှင် (၁၂) ဦး နှင့် CECCM မှ ကိုယ်စားလှယ် (၁၆) ဦး တို့ ဖြင့် ဖွဲ့စည်းထားကြောင်း သိရှိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/posts/1256481134520864?__tn__=K-R

## တရုတ်အစိုးရပိုင် ရေနံကော်ပိုရေးရှင်း CNPC က မြန်မာနိုင်ငံတွင် ဓာတ်ဆီဆိုင်များ လာဖွင့်ရန်စီစဉ်နေ




တရုတ်အစိုးရပိုင် ရေနံကော်ပိုရေးရှင်း CNPCက မြန်မာနိုင်ငံမှာ ဓာတ်ဆီဆိုင်တွေ ဒါဇင်ပေါင်းများစွာ လာဖွင့်ဖို့စီစဉ်နေတယ်လို့ ရိုက်တာ သတင်းမှာ ဖော်ပြထားပါတယ်။ အဲဒီလို CNPC ကော်ပိုရေးရှင်းက မြန်မာနိုင်ငံမှာ ဓာတ်ဆီဆိုင်တွေလာဖွင့်ဖို့ ရင်းနှီးမြှုပ်နှံမယ့် ပမာဏဟာ ဒေါ်လာသန်းဆယ်နဲ့ချီ ရှိနိုင်တယ်လို့သိရပါတယ်။

မြန်မာနိုင်ငံမှာ ယာဉ်အစီးရေဟာ နှစ်စဉ်(၁၀)ရာခိုင်နှုန်းတိုးလာနေပြီးလောင်စာဆီဈေးကွက်လိုအပ်ချက်ရှိနေတဲ့ နေရာအဖြစ် CNPC က ရှုမြင်ထားပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှမှာ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေပြီး၊ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ လာမယ့်ရှေ့နှစ်မှာ (၂)ထောင်ကျော်ရှိလာခဲ့တယ်လို့ ရန်ကုန်အခြေစိုက် PetroChina တာဝန်ရှိသူတစ်ဦးကပြောပါတယ်။ CNPC ဟာ ရန်ကုန်၊မန္တလေးနဲ့ နေပြည်တော်မြို့တွေမှာ ဓာတ်ဆီဆိုင်တွေကို စတင်ဖွင့်လှစ်သွားဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။

အဲဒီလို မြန်မာနိုင်ငံမှာ ဓာတ်ဆီဆိုင်တွေလာဖွင့်တဲ့အခါ CNPC ရဲ့ အမှတ်တံဆိပ်ကို မသုံးဘဲနဲ့ စင်္ကာပူအခြေစိုက် CNPC ပိုင်ဆိုင်တဲ့ Singapore Petroleum Company(SPC) ရဲ့ တံဆိပ်ကို အသုံးပြုသွားမယ်လို့သိရပါတယ်။ ဒါဟာ SPC တံဆိပ်ကို စင်္ကာပူနိုင်ငံပြင်ပမှာ ပထမဆုံးအသုံးပြုတာဖြစ်တယ်လို့လည်းသိရပါတယ်။

**Source:** https://www.facebook.com/onenewsmyan/

## ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်တွင် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ရှန်ဟိုင်းသို့ တင်ပို့နိုင်ရေးညှိနှိုင်းလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်တွင် ရန်ကုန်တိုင်းအတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုပ်ပိုးပြီး တရုတ်ပြည်၊ ရှန်ဟိုင်းသို့တင်ပို့နိုင်ရေး နှစ်ဖက်အစိုးရ ညှိနှိုင်းလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။ မေလ (၂၂) ရက်က ကုန်သည်/စက်မှုအသင်းချုပ်တွင် ပြုလုပ်ခဲ့သည့် (၂၇) ကြိမ်မြောက် ဒုတိယသမ္မတနှင့်စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ဦးဖြိုးမင်းသိန်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်းက သူတို့ရဲ့ စားသောက်ကုန် ၉၀ ရာခိုင်နှုန်းကို သူတို့ရဲ့ပြည်နယ်တွေနဲ့ အခြားနိုင်ငံတွေက တင်သွင်းနေရတာပါ။ ဒါ့ကြောင့် သူတို့နဲ့ စားသောက်ကုန်ကဏ္ဍနယ်ပယ်တွေကို ဆောင်ရွက်ဖို့ရှိပါတယ်ဟု ဦးဖြိုးမင်းသိန်းက ပြောသည်။ ရှန်ဟိုင်းဒုတိယမြို့တော်ဝန် မြန်မာနိုင်ငံသို့လာရောက်သည့်ခရီးစဉ်အတွင်း ယင်းသို့တင်ပို့နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးဖြိုးမင်းသိန်းက ဆက်လက်ပြောကြားသည်။ ထို့အပြင် ရန်ကုန်တိုင်းမှ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို တိုက်ရိုက်တင်ပို့မှုများ ပြုလုပ်နိုင်ရန်အတွက်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ယူနန်ပြည်နယ်အစိုးရတို့ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်းသိရသည်။ လက်ရှိ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ ဧက (၁၀၀) ခန့်ကို ပိုင်းလော့ပရောဂျက်အနေဖြင့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ပြီး ပြည်ပသို့ကုန်စည်များကို တင်ပို့ဆောင်ရွက်နိုင်သည့် အခြေအနေရောက်ရှိနေပြီ ဖြစ်ကြောင်းသိရသည်။

**Source:** http://betvmyanmar.com/my/news/%E1%80%B1%E1%80%8A%E1% 80%AC%E1%80%84%

## STOCK EXCHANGE (22.5.19)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd May. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 348 | 3,838,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,100 | 3,150 | 3,100 | 10,224 | 31,926,900 | 38,929,150 | 122,627 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 11 | 82,500 | 10,400,986 | 78,007 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 23,000 | 22,500 | 41 | 923,000 | 2,472,053 | 55,621 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 0 | 0 | 12,212,906 | 36,639 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.92 | +11.36 | +2.63% | 431.56 | 442.92 | 431.56 | 10,624 | 36,770,400 | 5 | 604,691 |


### Index chart




# Market Overview

As of 1:00 pm, 22nd May. 2019

| MYANPIX | 442.92 ▲ 11.36 |
|---|---|
| Total Volume (shares) | 10,624 |
| Total Value (MMK) | 37 mil |
| Listed Company | 5 |
| Market Cap. (MMK) | 604,691 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |